## မာတိကာ


| ခေါင်းစဉ် | စာမျက်နှာ |
| --- | --- |
| မာတိကာ | ၁ |
| စကားချီး | ၂ |
| အေးရွာကျေးရွာ၊ ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မြစ်သားမြို့နယ် | ၆ |
| **အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** | ၇ |
| (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၇ |
| (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက် | ၇ |
| (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | ၉ |
| (၂) တည်နေရာနှင့် ပထဝီအနေအထား | ၁၀ |
| (၃) ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ | ၁၀ |
| (၄) ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | ၁၀ |
| (က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၁၀ |
| (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | ၁၁ |
| (ဂ) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ** | **၁၁** |
| **(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု** | **၁၂** |
| **(င) ပညာရေး** | **၁၂** |
| **(စ) ကျန်းမာရေး** | **၁၂** |
| **(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | **၁၃** |
| (**ဇ**) ကျား – မ ရေးရာ | ၁၃ |
| (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ | ၁၃ |
| (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ | ၁၃ |
| (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ | ၁၄ |

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့်ဗျူဟာ ၁၄

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၆

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၇

(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၁၇

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း ၁၈

(ဂ) ဦးစားပေး စီမံချက်များ ၂၀

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၁

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ် ၂၂

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ ၂၂

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၂၂

( ခ ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း ၂၃

( ဂ ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၂၃

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ်များ ၂၄

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၄

(က) ကြီးကြပ်စစ်ဆေးခြင်း ၂၅

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၂၆

(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၂၇

**ကိုးကားစာရင်း** ၂၈

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၃၀

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ ၃၀

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်း အခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည် နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက် သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ တည်နေရာနှင့် ပထဝီအနေအထား

အေးရွာကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ နွားကူးကြီးအုပ်စုတွင် ပါဝင်ပါသည်။ မြစ်သားမြို့၏ အရှေ့တောင်ဘက်တွင် တည်ရှိပါသည်။ မြေပြန့်လွင်ပြင်တွင်တည်ရှိပြီး အပူပိုင်းမိုးနည်းရပ်ဝန်းဒေသတွင် ပါဝင်ပါသည်။ ကျေးရွာ၏အနီး အရှေ့ဘက်တွင် ခင်လယ်၊ မြဂနိုင်ကျေးရွာများ တည်ရှိပါသည်။အနောက်ဘက်တွင် ခန္တော၊နွားကူးကြီး၊ရေအေးဆိပ်ကျေးရွာများရှိပြီးတောင်ဘက်တွင် ပိန္နဲပင်၊ ဖိုးအင်ကျေးရွာများ တည်ရှိပါသည်။ မြောက်ဘက်တွင် အုပ်ရှစ်ကုန်းကျေးရွာတို့ တည်ရှိပါသည်။

## ၃။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာ၏ရာသီဥတုသည် သီတင်းကျွတ်လ အစောပိုင်းကာလနှင့် ဝါဆို၊ ဝါခေါင်လများတွင် မိုးရွာသွန်းမှုများတတ်ပါသည်။ တန်ဆောင်မုန်းလပြည့် ကျော်တွင် လည်းစွေမိုးများ ရွာသွန်းတတ်ပါသည်။တော်သလင်းတွင် အပူရှိန်မြင့်မားတတ်ပါသည်။ အခြားလများတွင် နေသာ၍ ရာသီဥတု ကောင်းမွန်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ တွင် မြေဆီဩဇာကောင်းမွန်သည့် လယ်ယာမြေများရှိပါသည်။ ကင်းတားလက်ယာ မြောင်း မှ စိုက်ပျိုးရေကို ရေစက်များဖြင့် သွင်းယူ စိုက်ပျိုးကြပါသည်။ ဝါ၊ စပါး၊ ငှက်ပျော၊ သဘော်သီးနှံများကို အဓိကထား စိုက်ပျိုးကြပါသည်။ စိုက်ပျိုးသီးနှံများ ကောင်းစွာ ဖြစ်ထွန်းအောင်မြင်ပါသည်။ ကျေးရွာအနီး လက်ယာမြောင်းမှလည်း စိုက်ပျိုးရေ ရရှိပါ သည်။ လောင်စာထင်းအဖြစ် ဘောစကိုင်း၊ သရက်များကို အသုံးပြုကြပါသည်။ ဆေးဖက်ဝင်

အပင်များအဖြစ် ရှင်ပါကူ၊ ဆင်နှာမောင်း၊ ဆေးပုလဲစသည့် အပင်များ ပေါက်ရောက်တတ်ပြီး အခြားအသုံးပြုနိုင်သော ဆေးဖက်ဝင်အပင်များလည်း တွေ့ရပါသည်။ နွားစာအဖြစ် ပြောင်း၊ မြက် စသည့် အစာများပေါများပါသည်။

## ၄။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

## (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေသော မီးလင်းရေးကော်မတီ၊ ကျောင်းကော်မတီ၊ ရပ်မိရပ်ဖအဖွဲ့အစည်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီစသည့် ကျေးရွာတွင်းအဖွဲ့အစည်းများ တည်ရှိပြီး ကျေးရွာအတွက် ဘာသာရေး၊ ပညာရေး၊ လူမှုဖွံ့ဖြိုးရေးကိစ္စရပ်များ ဆောင်ရွက်ကြပါသည်။ အမျိုးသမီးများလည်း ပါဝင်ပြီး ပူးပေါင်းလုပ်ဆောင်ကြပါသည်။ ပိုမိုပူးပေါင်းပါဝင်ရန် ဖွံ့ဖြိုးရေးဆိုင်ရာ အသိအမြင်များ၊ မှတ်တမ်း မှတ်ရာများ စနစ်တကျ ထားသိုနိုင်ရန် ပံ့ပိုးပေးရန် လိုပါမည်။ ကျေးရွာ၏ သာရေး၊ နာရေး၊ ဖွံ့ဖြိုးရေးနှင့် လူမှုရေးကိစ္စများတွင် ကျေးရွာသူ/သားစည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြပါသည်။

## (ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ကျေးရွာရှိအိမ်ထောင်စုများသည် လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ကြပါသည်။ ဝါ၊ စပါး၊ ငှက်ပျော၊ သဘော်ာ သီးနှံများ စိုက်ပျိုးကြပြီး စပါးသီးနှံကို ဝါခေါင်၊ တော်သလင်းလများတွင် စိုက်ပျိုးကြပါသည်။ ဝါကို နယုန်၊ ဝါဆိုလ များ တွင် စိုက်ပျိုးကြပါသည်။ ငှက်ပျော၊ သဘော်ာသီးနှံများကို ကဆုန်၊ နယုန်လများတွင် စိုက်ပျိုးပါ သည်။ စပါးတစ်ဧကလျှင် အနည်းဆုံး တင်း (၆၀)မှ အများဆုံး တင်း (၈၀) အထွက်နှုန်း ရရှိပါ သည်။ ဝါတစ်ဧကလျှင် ပိဿာ ၄၀၀ မှ အများဆုံး ပိဿာ ၇၀၀ အထိ အထွက်နှုန်းထွက်ရှိပါသည်။ မွေးမြူရေးလုပ်ကိုင်သည့် အိမ်ထောင်စုများလည်းရှိပြီး စီးပွားဖြစ်မွေးမြူလုပ်ကိုင်သူ နည်းပါသည်။ အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအဖြစ် ပန်းရံ၊ လက်သမားလုပ်ငန်း၊ စက်ချုပ် လုပ်ငန်း၊ အိမ်ဆိုင်အရောင်းအဝယ်လုပ်ငန်းနှင့် စက်ကိရိယာပြင်ဆင်ခြင်း လုပ်ငန်းများကိုလည်း အသက်မွေး ဝမ်းကျောင်းပြု လုပ်ကိုင်ကြပါသည်။

## (ဂ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

ကျေးရွာ၏ အခြေခံအဆောက်အဦကဏ္ဍအနေဖြင့် ကျေးရွာတွင်းရှိလမ်းများမှာ ဂျင်းလမ်းများဖြစ်ပါသည်။ ချဉ်းကပ်လမ်းသည်လည်းဂျင်းလမ်းဖြစ်ပြီး သွားလာရန် အဆင်ပြေပါသည်။ ရွာချင်းဆက်လမ်းမှာ ရွာချင်းဆက်လမ်းမှာ ကတ္တရာလမ်းဖြစ်ပြီး လမ်းအားလုံးမှာ တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပါသည်။ ကျေးရွာမှ စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီး၊ ကားများကို သယ်ယူပို့ဆောင်ရေး အတွက် အသုံးပြုသွားလာကြပါသည်။ တံတားတည်ရှိမှုအနေဖြင့်ကွန်ကရစ်တံတား(၁)စင်းနှင့်လယ်ယာမြောင်းတွင် ဖြတ်သန်းသွားလာရန် သစ်သားတံတား (၁) စင်းရှိပါသည်။ တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပါသည်။ လျှပ်စစ်မီးလင်းရေးကိုလည်း အိမ်တိုင်းစေ့ အသုံးပြုနိုင်ပါသည်။

ကျေးရွာတွင် အလယ်တန်းကျောင်းခွဲ တည်ရှိပြီး မူလတန်း၊ အလယ်တန်း ပညာရေးကို လက်လှမ်းမီ လွယ်ကူစွာ သင်ယူနိုင်ပါသည်။ အထက်တန်း ပညာသင်ယူရန်အတွက် ကူမဲ (မ.ထ.က) ကျောင်းသို့ သွားရောက်သင်ယူကြပါသည်။ ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းမရှိသော်လည်း တစ်အုပ်စုအတွင်းဖြစ်သည့် ခန္တောကျေးရွာတွင် ဆေးပေးခန်းတည်ရှိပြီး ကျေးရွာနှင့် (၃) ဖာလုံသာ ကွာဝေးသည့်အတွက် သွားရောက်ကုသရန် ကျန်းမာရေးလက်လှမ်းမီပါသည်။ ကျန်းမာရေးဆေးခန်း မှ ကိုယ်ဝန်ဆောင် မိခင်များ၊ ကလေးသူငယ်များအတွက် ကာကွယ်ဆေးများ ပုံမှန်လာရောက် ထိုးနှံ ပေးပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေရရှိပါသည်။ကာလတိုချေးငွေဖြစ်ပြီး၊ ထုတ်ချေးပေးသည့်ကာလမှာ နှစ်စဉ် ဇွန်လတွင် အများဆုံး ထုတ်ချေးပေးပါသည်။ လယ်တစ်ဧကလျှင် တစ်သိန်းခွဲနှုန်း ရရှိပြီး၊ ယာတစ်ဧကလျှင် ငါးသောင်းနှုန်းရရှိပါသည်။သမဝါယမချေးငွေသည်လည်း အိမ်ထောင်စု အလိုက်ရရှိပါသည်။ ငွေတိုးပေးသူများနှင့် မိတ်ဆွေ၊ ဆွေမျိုးများထံတွင်လည်း အတိုးနှုန်းပေး၍ ချေးငွေရယူနိုင်ပါသည်။

## (င) ပညာရေး

ကျွန်ုပ်တို့ကျေးရွာတွင် ကလေးများ ပညာသင်ကြားနိုင်ရန်အတွက် အလယ်တန်းကျောင်း-ခွဲ တည်ရှိခြင်းကြောင့် မူလတန်း၊ အလယ်တန်း ကလေးများ လွယ်ကူစွာ

ပညာသင်ယူနိုင်ပြီး ပညာရေး လက်လှမ်းမီကြပါသည်။ အထက်တန်းပညာရေး သင်ယူရန်အတွက် ကူမဲ (အ.ထ.က) ကျောင်းသို့ သွားရောက် သင်ယူကြပါသည်။ စာသင်ကျောင်းမှာ ကျေးရွာအနီးတွင် တည်ရှိခြင်းကြောင့် ခြေလျင် တက်ရောက်ကြပါသည်။ ကျောင်းဆရာ (၁)ဦး၊ ဆရာမ (၇)ဦး၊ စုစုပေါင်း ဆရာ/မ (၈) ဦးရှိပါ သည်။ ပညာရေးသင်ယူမှု အဆင်ပြေပါသည်။ ပန်းရံ၊ လက်သမားလုပ်ငန်း၊ စက်ချုပ်လုပ်ငန်း၊ စက်ပြင်လုပ်ငန်း လုပ်ကိုင်သည့် ကျွမ်းကျင်ပညာရှင် များလည်းရှိပါသည်။

## (စ) ကျန်းမာရေး

ကျန်းမာရေးနှင့်ပတ်သက်၍ ကျေးရွာတွင် ဆေးပေးခန်းမရှိသော်လည်း (၃) ဖာလုံသာ ကွာဝေးသည့် ခန္တောကျေးရွာတွင် တည်ရှိခြင်းကြောင့် လွယ်ကူစွာ သွားရောက်ကုသနိုင်ပါသည်။ ကျေးရွာ အနေဖြင့် တုပ်ကွေးရောဂါ အဖြစ်များတတ်ပြီး အခြားဆိုးရွားသော ရောဂါများ ဖြစ်ပွားခြင်းမရှိပါ။ ကျန်းမာရေးဆေးခန်းမှ ကိုယ်ဝန် ဆောင်မိခင်များနှင့် ကလေးသူငယ်များအတွက် ကာကွယ်ဆေး ထိုးနှံခြင်း၊ ပုံမှန် လာရောက်စစ်ဆေး ခြင်းများလည်း ပြုလုပ်ပေးပါသည်။ အရေးပေါ်ကုသရန် ဖြစ်ပွားပါက မိုင်းမော တိုက်နယ်ဆေးရုံသို့ သွားရောက်ကုသကြပါသည်။

## (ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာရှိ မြေဆီသြဇာအခြေအနေသည် သီးနှံများစိုက်ပျိုးလုပ်ကိုင်ရန်ကောင်းမွန်သော်လည်း နှစ်စဉ်နှစ်တိုင်း ဓါတုဆေးများသုံးစွဲခြင်း၊ သဘာဂမြေသြဇာထည့်သွင်းမှု နည်းပါးခြင်း တို့ကြောင့် တဖြည်းဖြည်း အရည်အသွေးကျဆင်းလာပါသည်။ နွားချေး၊ သစ်စိမ်း မြေသြဇာများ စသော သဘာဝမြေသြဇာများ အစားထိုးအသုံးပြုရန် လိုအပ်လာပါမည်။ ဖျက်ပိုးနှင့် ရောဂါ ကာကွယ် ထိန်းသိမ်းမှု အပိုင်းတွင်လည်း ဓါတုပိုးသတ်ဆေးများကို နှစ်စဉ်နှစ်တိုင်းသုံးစွဲကြ၍ ပိုးရောဂါများ ဆေးဒဏ်ခံလာနိုင်ပြီး၊ ဘက်စုံပိုးမွှားရောဂါ ကာကွယ်နည်းစနစ်များ၊ အလေ့အကျင့်များ လုပ်ဆောင်ရန် လိုပါမည်။ လျှပ်စစ်မီးတိုင်များမှာလည်း နှစ်ကြာလကြာမြင့်သည့်အတွက် ဆွေးမြေ့ပျက်စီးမှုများ ဖြစ်ပေါ်လျှက်ရှိပါသည်။ ကျေးရွာမှထွက်ရှိသည့် စွန့်ပစ်အမှိုက်များအား တောင်ခြေရှိ

**(ခ) အဟန့်အတားများ၊ ကျော်လွှားရမည့်စိန်ခေါ်မှုများ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရာတွင် ကျေးရွာအဆင့်တွင် အောက်ပါ အဟန့်အတားများ၊ စိန်ခေါ်မှုများ ရင်ဆိုင်ရပါသည်။

ဒေသခံတောင်သူများသည် နှစ်စဉ်နှစ်တိုင်း စိုက်ပျိုးနေကျသီးနှံများကိုသာ စိုက်ပျိုးကြခြင်း၊ အခြားသီးနှံများ ပြောင်းလဲမစိုက်ပျိုးကြခြင်းသည် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရန် အဟန့်အတားတစ်ခုအဖြစ် ရှိနေပါသည်။ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ဆောင်ရန် ရင်းနှီး မတည်ငွေမပြည့်စုံခြင်း၊ မွေးမြူရေးသီးသန့်ချေးငွေ မရှိခြင်းများသည်လည်း အဟန့်အတားဖြစ်နေပါသည်။ ကျေးရွာအခြေပြု အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် ချေးငွေ၊ နည်းပညာ၊ ဈေးကွက်စသော လက်လှမ်းမီမှုနည်းပါသည်။

**၆။ ရည်ရွယ်ချက်ပန်းတိုင်နှင့်ဗျူဟာ**

**(က) ရည်ရွယ်ချက်ပန်းတိုင်**

ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်း ပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင်ရေးဆွဲထားပါသည်။ကျေးရွာသည် စိုက်ပျိုးရေး ကို အခြေပြုသော ကျေးရွာတစ်ရွာဖြစ်၍ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက် လာသည်နှင့် အတူ အခြားစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ အောက်ပါ ကျေးရွာ ဖွံ့ဖြိုးရေး ရည်ရွယ်ချက် ပန်းတိုင် ၃ ချက် ကို ရေးဆွဲထားပါသည်။

(က) သီးနှံများပြောင်းလဲစိုက်ပျိုးခြင်း၊ စစ်မှန်သောမျိုးစေ့များစိုက်ပျိုးခြင်း၊ မြေဆီလွှာ ကောင်းမွန် စေရန် ထိန်းသိမ်းခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက် လာရမည်။

(ခ) အခြေခံ ပညာရေး၊ ကျန်းမာရေး၊ လူနေမှုအဆင့်အတန်း တိုးတက်လာရမည်။

(ဂ) ကျေးရွာ၏ အခြေခံအဆောက်အဦကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရမည်။

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်**

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ ( Project profile )**

| |
|---|
| ကျေးရွာ - အေးရွာကျေးရွာ<br>ကျေးရွာအုပ်စု - နွားကူးကြီးအုပ်စု<br>မြို့နယ် - မြစ်သားမြို့နယ်<br>တိုင်းဒေသကြီး / ပြည်နယ် - မန္တလေးတိုင်းဒေသကြီး |
| စီမံချက်အမည် - **လျှပ်စစ်မီးတိုင်များနှင့် မီးကြိုးများလဲလှယ်ခြင်း** |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**<br>ကျေးရွာသုံးမီးတိုင်များသည် သစ်လုံးတိုင်များဖြစ်ပြီး နှစ် (၂၀) ကျော်ခန့်က စိုက်ထူခဲ့သည့် အတွက် ဆွေးမြေ့နေပြီး မိုးတွင်းကာလတွင် လဲကျနေသဖြင့် လျှပ်စစ်ဓါတ်အား အန္တရာယ်ရှိပြီး ဓါတ်အားနည်းနေပါသည်။ မီးကြိုးများမှာလည်း အရည်အသွေး ပြည့်မီခြင်းမရှိတော့သောကြောင့် အခက်အခဲများ ကြုံတွေ့နေရပါသည်။ |
| **စီမံချက်ရည်ရွယ်ချက် ( လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြ ရန် )**<br>ကျေးရွာသူ/သားများ လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေရန်၊ ကောင်းမွန်သော ဓါတ်ကြိုးများ သုံးစွဲနိုင်စေရန်၊ ဓါတ်အားများအပြည့်အဝသုံးစွဲနိုင်စေရန် ရည်ရွယ်ပါသည်။ |
| **မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုး ကျေးဇူးများ**)<br>လျှပ်စစ်မီးတိုင်များနှင့် မီးကြိုးများလဲလှယ်ခြင်းဖြင့် ရာသက်ပန် |

| |
|---|
| ပြုပြင်ထိန်းသိမ်းသွားပါမည်။ |

**ဇယား (၄၅) အေးရွာကျေးရွာ ၊ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်**

| ပြဿနာ | ဖြစ်ပွားရသည့် အကြောင်းအရင်း | အလားအလာ | အဟန့်အတား | ဖြေရှင်းနိုင်သည့် နည်းလမ်း | စီမံကိန်း |
|---|---|---|---|---|---|
| **၁။ လျှပ်စစ်မီး** | | | | | |
| • လျှပ်စစ်မီးတိုင်များ၊ မီးကြိုးများ မကောင်းခြင်း | •လက်ရှိတိုင်၊ ကြိုးများ အရည်အသွေးမမှီခြင်း<br>•အသားတိုင်များ ဖြစ် နေခြင်း | • လက်ရှိလျှပ်စစ်မီး သုံးစွဲသည့် အိမ်ထောင်စုများ ရှိခြင်း | • | •ကျေးရွာမီးကော်မတီဖွဲ့စည်းပြီး ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ရန် | •ကွန်ကရစ်တိုင်နှင့် အရည်အသွေး ပြည့်မီသည့် ကြိုး များ ပြောင်းလဲ တပ်ဆင်ခြင်း |
| **၂။ ပညာရေး** | | | | | |
| •စာသင်ကျောင်း ဆောင် မလုံ | • ကျောင်းသားအင်အား များခြင်း | • ကျောင်းဆောင် ဆောက် | • ငွေကြေးမတတ်နိုင်ခြင်း | | |

